JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇွန်လ (၂၁)ရက် | မြန်မာ

## မြန်မာစစ်တပ်ထံ အိန္ဒိယစစ်လက်နက်ရောင်းချမှု ရပ်တန့်ဖို့ ဆွီဒင် ဆောင်ရွက်ရမယ်

ဆွီဒင်နိုင်ငံအနေနဲ့ မြန်မာစစ်တပ်ကို အိန္ဒိယနိုင်ငံရဲ့ လက်တလော လက်နက်ရောင်းချမှုတွေအပေါ် အရေးယူဆောင်ရွက်ရမှာဖြစ်ပြီး၊ အီးယူက မြန်မာနိုင်ငံကို လက်နက်ရောင်းချမှု ပိတ်ပင်ထားပြီးဖြစ်တဲ့အတွက် ဘာကြောင့် ဆွီဒင်ထုတ် လက်နက်ပစ္စည်းအစိတ်အပိုင်းတွေ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံကို နောက်ထပ်တစ်ဖန် တင်ပို့ရောင်းချတာတွေ ရှိနေတယ်ဆိုတာ စုံစမ်းစစ်ဆေးရမှာ ဖြစ်ပါတယ်။

ဆွီဒင်အစိုးရနဲ့ သူရဲ့လက်နက်ထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့ဖြစ်တဲ့ မဟာဗျူဟာထုတ်ကုန်များကြီးကြပ်ရေးအဖွဲ့ (Inspectorate of Strategic Products-ISP) တို့အနေနဲ့ နိုင်ငံတဝန်း ရက်စက်ကြမ်းကြုတ်မှုတွေကို အပြစ်ပေးအရေးယူခံရခြင်းမရှိ ကျူးလွန်နေတဲ့ တရားမဝင်မြန်မာစစ်အုပ်စုလက်ထဲကို ဆွီဒင်စစ်လက်နက်တွေ မရောက်ဖို့အတွက် လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ပေးဖို့ Justice For Myanmar က တောင်းဆိုပါတယ်။

၂၀၂၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှာ အိန္ဒိယနိုင်ငံအတွင်း ဆွီဒင်လိုင်စင်နဲ့ ထုတ်လုပ်ခဲ့တဲ့ စစ်လက်နက်ပစ္စည်းတွေကို ပြန်လည်တင်ပို့ရောင်းချနေတာတွေ တားဆီးပိတ်ပင်ဖို့ ဆွီဒင်အစိုးရက လုပ်ဆောင်ထားတဲ့ အရေးယူဆောင်ရွက်ချက်တွေအပေါ် လွှတ်တော်အမတ် Håkan Svenneling ရဲ့ မေးမြန်းမှုကို ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး တိုဘီရာ့စ်ဘေးလ်စတုမ်းက ပြန်လည်ဖြေကြားခဲ့ပါတယ်။

လွှတ်တော်အမတ်ရဲ့ မေးမြန်းမှုဟာ အိန္ဒိယနိုင်ငံက မြန်မာစစ်တပ်ဆီကိုရောင်းချခဲ့တဲ့ စစ်လက်နက်တွေနဲ့ ဆက်စပ်အစိတ်အပိုင်းတွေရဲ့အချို့ဟာ Sabb Group က တီထွင်ထုတ်လုပ်ထားတဲ့ Carl Gustaf ကန်အားမဲ့နောက်ပွင့်ရိုင်ဖယ်တွေအတွက် စနက်တံအပါအဝင် ဆွီဒင်ထုတ်စစ်လက်နက်ပစ္စည်းအစိတ်အပိုင်းတွေ ပါဝင်နေတဲ့အကြောင်း Justice For Myanmar က စုံစမ်းဖော်ထုတ်ရေးသားပြီးနောက်ပိုင်း ပေါ်ထွက်လာတာ ဖြစ်ပါတယ်။

အီးယူအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဆွီဒင်နိုင်ငံအနေနဲ့ မြန်မာစစ်တပ်ဆီ စစ်လက်နက်တွေနဲ့ အရပ်ဘက်-စစ်ဘက်နှစ်မျိုးသုံးပစ္စည်းတွေ၊ နည်းပညာတွေ ရောင်းချလွှဲပြောင်းတာကို တားမြစ်ထားပါတယ်။

လွှတ်တော်အမတ် Håkan Svenneling ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားရာမှာ ဘေလ်းစတုမ်းက ဆွီဒင် Carl Gustaf ကန်အားမဲ့ နောက်ပွင့်ရိုင်ဖယ်တွေကို ၁၉၇၀ ခုနှစ်တွေကတည်းက အိန္ဒိယနိုင်ငံမှာ လိုင်စင်နဲ့ ထုတ်လုပ်ထားတယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ဆွီဒင်နိုင်ငံဟာ Carl Gustaf ကန်အားမဲ့ နောက်ပွင့်ရိုင်ဖယ်တွေကို အိန္ဒိယနိုင်ငံထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းနဲ့ ဒီလိုပေးအပ်ခဲ့တဲ့ စစ်လက်နက် အချို့ကို အိန္ဒိယနိုင်ငံကနေမြန်မာနိုင်ငံဆီ လွှဲပြောင်းထားတာတွေရှိတယ်လို့ အတည်ပြုပြောကြားခဲ့ ပါတယ်။

၂၀၁၂ ခုနှစ်မှာ အဲ့ဒီပြန်လည်လွှဲပြောင်းပေးမှုကို မဟာဗျူဟာကုန်စည်များကြီးကြပ်ရေးအဖွဲ့ ISP က တရားဝင် စုံစမ်းစစ်ဆေးခဲ့ပါတယ်။

ဘေးလ်စတုမ်းရဲ့ ပြောကြားချက်အရ အိန္ဒိယနိုင်ငံအနေနဲ့ ဆွီဒင်လိုင်စင်အရ ထုတ်လုပ်ထားတဲ့ လက်နက် တွေကို ပြန်လည်တင်ပို့ရောင်းချခြင်းမပြုဖို့ ကတိကဝတ်ကို လေးစားလိုက်နာခဲ့ကြောင်း၊ အိန္ဒိယအစိုးရ အနေနဲ့ တဆင့်လွှဲပြောင်းရောင်းချမှုကို လျှော့ချနိုင်ဖို့ လုံလောက်တဲ့ အရေးယူဆောင်ရွက်ချက်တွေ လုပ်ဆောင်ခဲ့တယ်လို့ ISP က သုံးသပ်ကောက်ချက်ချခဲ့ပါတယ်။

ဒါပေမယ့်လည်း၂၀၁၂ ခုနှစ် အဲ့ဒီစုံစမ်းဆေးမှုအပြီး အိန္ဒိယကုမ္ပဏီ Sandeep Metalcraft Private Limited က ရိုဟင်ဂျာတွေအပေါ် မြန်မာစစ်တပ်ရဲ့လူမျိုးတုန်းသတ်ဖြတ်မှုနဲ့ ကျူးလွန်ဆဲ နိုင်ငံတကာရာဇဝတ်မှုတွေ ရှိနေပေမယ့်လည်း 84 mm Carl Gustaf ကန်အားမဲ့ နောက်ပွင့်ရိုင်ဖယ်တွေအတွက် ဒီဇိုင်းထုတ်လုပ် ထားတဲ့ အချိန်စက်သုံးစနက်တံ ၄၄၇ ကို မြန်မာစစ်တပ်ဆီ ရောင်းချပေးအပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံကို စနက်တံ ၄၄၇ ပါဝင်တဲ့တင်ပို့မှုတစ်ခုကို ၂၀၁၉ ခုနှစ်မှာ တင်ပို့ခဲ့ပြီး၊ စနက်တံ ၄၄၇ ဒုတိယတင်ပို့မှုတစ်ခုကို မြန်မာစစ်တပ်ရဲ့ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း တင်ပို့ခဲ့တာဖြစ်လို့ မြန်မာစစ်တပ်ရဲ့ အကြမ်းဖက် စစ်ဆင်ရေးကို တိုက်ရိုက်ပံ့ပိုးကူညီပေးတာ ဖြစ်ပါတယ်။ Sandeep Metalcraft က သူတို့ရဲ့ ဝဘ်ဆိုဒ်မှာ Carl Gustaf စနက်တံတွေကို ကြော်ညာနေဆဲ ဖြစ်ပါတယ်။

ဒါကြောင့် Justice For Myanmar က စုံစမ်းထုတ်ဖော်ခဲ့တဲ့ သတင်းအချက်အလက်တွေက Carl Gustaf ကန်အားမဲ့ နောက်ပွင့်ရိုင်ဖယ်တွေရဲ့ မီးကူးစနစ်အတွက် အဓိကစက်ပစ္စည်းအစိတ်အပိုင်းတွေကို အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံကိုတဆင့် ထပ်မံလွှဲပြောင်းခဲ့ကြောင်း ညွှန်ပြပါတယ်။ ဒီအချက်က

အိန္ဒိယအစိုးရအနေနဲ့ နောက်ဆုံးလက်ဝယ်အသုံးပြုသူဆိုင်ရာ သူတို့ကတိကဝတ်တွေကို လေးစားလိုက်နာဖို့နဲ့ တဆင့်ပြန်လည် လွှဲပြောင်းမှုအန္တရာယ်ကို လျှော့ချဖို့ သင့်လျော်တဲ့အရေးယူဆောင်ရွက်မှုတွေလုပ်ဖို့ စိတ်ဆန္ဒအပေါ် သံသယကို ဖြစ်ပေါ်စေပါတယ်။

ဘေးလ်စတုမ်းရဲ့ ပြန်လည်ဖြေကြားမှုက မကြာသေးခင်က အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံကို Carl Gustaf ကန်အားမဲ့ရိုင်ဖယ်တွေအတွက် စနက်တံတွေ လွှဲပြောင်းရောင်းချမှုနဲ့ပတ်သတ်တဲ့ မေးခွန်းတွေကို ဖြေရှင်းနိုင်ခြင်း မရှိပါဘူး။

Justice For Myanmar ရဲ့အစောပိုင်း စုံစမ်းရေးသားမှုအပေါ် တုန့်ပြန်ရာမှာ Saab ကုမ္ပဏီက လွှဲပြောင်းရောင်းချခဲ့တဲ့ စနက်တံတွေကို ထုတ်လုပ်ဖို့ Sabb လိုင်စင် လိုအပ်မအပ်၊ အိန္ဒိယကုမ္ပဏီတွေနဲ့ သဘောတူချုပ်ဆိုခဲ့တဲ့ Sabb ထုတ်လုပ်ရေးလိုင်စင်တွေက အိန္ဒိယနိုင်ငံက တခြားနိုင်ငံတွေကို တဆင့်တင်ပို့ရောင်းချမှုကို တားမြစ်တာ ဒါမှမဟုတ် ကန့်သတ်တာရှိမရှိစတဲ့ မေးခွန်းတွေကို ပြန်လည်ဖြေကြားဖို့ ငြင်းဆိုခဲ့ပါတယ်။ Sandeep Metalcraft အနေနဲ့ Saab Group ဆီက လိုင်စင်ပိုင်းဆိုင်ရာကိစ္စတွေနဲ့ ထောက်ပံ့မှုတွေမရှိဘဲ အိန္ဒိယနိုင်ငံအတွင်း စနက်တံတွေ ထုတ်လုပ်နိုင်တဲ့ အနေအထားရှိမရှိကိုလည်း ရှင်းရှင်းလင်းလင်း မသိရပါဘူး။

အိန္ဒိယနိုင်ငံက ဟောင်ဝှစ်ဇာတွေအတွက် ၁၂၂ မမ အမြောက်ပြောင်းကြီးတွေ အပါအဝင် စစ်ဘက်ဆိုင်ရာ ပစ္စည်းတွေကို မြန်မာစစ်တပ်ထံ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိပင် ဆက်လက်တင်ပို့ခဲ့ပါတယ်။ အဲ့ဒီ အမြောက်ပြောင်းကြီးတွေ ထုတ်လုပ်သူဟာ အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနနဲ့ ပူးတွဲလုပ်တဲ့ နိုင်ငံတော်ပိုင် ကုမ္ပဏီ Yantra India Limited ဖြစ်ပါတယ်။

အမ်ဘတ်ဟာရီမြို့မှာရှိတဲ့ Yantra India Limited ရဲ့ အမြောက်လက်နက်စက်ရုံက လက်ရှိမှာ 84 mm mark-III FFV 551 Carl Gustaf ခဲယမ်းကျည်တွေကို ထုတ်လုပ်လျက်ရှိပါတယ်။ FFV551 ဟာ မူလ ပေါက်ကွဲအားကောင်း တင့်ကားဖျက်ကျည်ဖြစ်ပြီး၊ ဒုံးကျည်တပ် ကျည်ဖူးတစ်ခု ဖြစ်ပါတယ်။

ဘေးလ်စတုမ်းက ပြန်လည်ဖြေကြားရာမှာ ၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့က အစားထိုးခဲ့တဲ့ စနစ်သစ်တစ်ရပ်က Carl Gustaf နောက်ပွင့်ရိုင်ဖယ်တွေနဲ့ အဲ့ဒီစစ်လက်နက်အမျိုးအစားတွေအတွက် ခဲယမ်းကျည်တွေလိုမျိုး ဆီွဒင်ထုတ် အပေါ့စားစစ်လက်နက်တွေ လက်ခံရယူထားတဲ့ နိုင်ငံခြားတိုင်းပြည်တွေအပေါ် ကွပ်ကဲထိန်းချုပ်မှုတွေ ပါဝင်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

အဲဒီစနစ်မှာ တခြားနိုင်ငံတွေဆီ တဆင့်တင်ပို့ ရောင်းချတဲ့ အန္တရာယ်အပါအဝင် ပြန်လည်လွှဲပြောင်းပေးတဲ့ အန္တရာယ်တွေကို လျှော့ချဖို့အတွက် လက်ခံရယူတဲ့ နိုင်ငံတွေကို လွှဲပြောင်းပေးပြီးနောက်ပိုင်း တိကျပြတ်သားတဲ့ ကြိုတင်ခွင့်ပြုချက်မလိုဘဲ စစ်ဆေးရေးခရီးသွားရောက်တာတွေ ပါဝင်နိုင်မှာဖြစ်ပါတယ်။

စနစ်သစ်မှာ ဆွီဒင်နိုင်ငံကကြိုတင်ခွင့်ပြုချက်မရှိဘဲ ဆွီဒင်အပေါ့စားစစ်လက်နက်တွေကို တဆင့်ပြန်လည်ရောင်းချခြင်းမပြုဖို့ ကတိကဝတ်နဲ့အညီ လိုက်နာလုပ်ဆောင်ခဲ့ခြင်းမရှိတဲ့ နိုင်ငံတွေကို ဆွီဒင်ထုတ်စစ်လက်နက်သစ်လက်ခံသူအဖြစ် ဒါမှမဟုတ် ကတိကဝတ်တွေ ဆက်ပြီးချိုးဖောက်တာ ရှိနေသ၍ အရင်ဆွီဒင်နိုင်ငံနဲ့ ချုပ်ဆိုခဲ့တဲ့ စာချုပ်တွေရဲ့ အစိတ်အပိုင်းအရ လွှဲပြောင်းပေးအပ်ဖို့ရှိတဲ့ စစ်လက်နက်တွေကို လက်ခံသူအဖြစ် ဒါမှမဟုတ် လွှဲပြောင်းမှုနောက်ပိုင်း စစ်ဆေးရေးခရီးစဉ်ကို လက်မခံတဲ့နိုင်ငံဖြစ်ရင် အရည်အချင်းမပြည့်မီတဲ့ နိုင်ငံအဖြစ် ထည့်သွင်းမစဉ်းစားသင့်ကြောင်းလည်း ပါဝင်တယ်။

ISP အနေနဲ့ Sandeep Metalcraft က Carl Gustaf စနက်တံတွေ မြန်မာနိုင်ငံကို ရောင်းချလွှဲပြောင်းမှုအပေါ် တရားဝင်စုံစမ်းစစ်ဆေးခဲ့ခြင်းရှိမရှိ၊ စစ်ဆေးဖို့ ဆန္ဒရှိမရှိတို့ဆိုတာ ရှင်းရှင်းလင်းလင်းရှိမနေပါဘူး။ ISP အနေနဲ့မြန်မာနိုင်ငံကို Sandeep Metalcraft ရဲ့တင်ပို့မှုမှန်သမျှမှာ ဆွီဒင်နည်းပညာတွေ ပါဝင်နေတယ်ဆိုရင် အရေးတကြီး စုံစမ်းစစ်ဆေးသင့်ပြီး၊ အဲဒီကိစ္စရပ်တွေအပေါ် လုပ်ဆောင်ခဲ့တဲ့ ယခင်နဲ့နောင်လာမယ့် စုံစမ်းစစ်ဆေးမှုမှန်သမျှကို အများပြည်သူထံ ထုတ်ပြန်သင့်ပါတယ်။

Justice For Myanmar က ဆွီဒင်စစ်လက်နက်တွေ မြန်မာနိုင်ငံကို တဆင့်ရောင်းချတာကို တားဆီးဖို့အတွက် မဟာဗျူဟာတစ်ရပ် ကျင့်သုံးဖို့ ဆွီဒင်အစိုးရကို တောင်းဆိုတဲ့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့က လွှတ်တော်အမတ် Håkan Svenneling ရဲ့ အဆိုပြုလွှာကို ထောက်ခံပါတယ်။

Justice For Myanmar အနေနဲ့ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှာ Saab ကုမ္ပဏီက Carl-Gustaf M4 ပခုံးထမ်းလက်နက်စနစ် ထုတ်လုပ်ဖို့ အိန္ဒိယနိုင်ငံမှာ ထုတ်လုပ်ရေးစက်ရုံတစ်ရုံ တည်ဆောက်ဖို့ ဆုံးဖြတ်ချက် ကြေညာခဲ့တာကို စိုးရိမ်မှုနဲ့အတူ သိရှိရပါတယ်။ အဲဒီလုပ်ငန်းက အိန္ဒိယ စစ်တပ်အတွက် ဒုံးပစ်လောင်ချာတွေနဲ့ နိုင်ငံခြားတိုင်းပြည်တွေအတွက် တခြားစစ်လက်နက်ပလက်ဖောင်းတွေ ထုတ်လုပ်ဖို့ ကုမ္ပဏီသစ်တစ်ရပ်အဖြစ် Saab FFV India ကို တည်ထောင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်၊ ရိုဟင်ဂျာတွေအပေါ် မြန်မာစစ်တပ်ရဲ့ လူမျိုးတုန်းသတ်ဖြတ်မှုစစ်ဆင်ရေးနောက်ပိုင်း အိန္ဒိယနဲ့မြန်မာစစ်တပ်တို့အကြား စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လုပ်ဆောင်လာတဲ့ အခြေအနေမှာ အခုစစ်လက်နက်စက်ရုံကိစ္စကလည်း အထူးစိုးရိမ်ဖွယ်ရာ ဖြစ်တယ်။ ၂၀၁၉ ခုနှစ်၊

ဇူလိုင်လမှာ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ကြပြီး၊ စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်းမှာလည်း မြန်မာစစ်တပ်ကို ဆက်လက်ပံ့ပိုးခဲ့ပါတယ်။

Stockholm International Peace Research Institute (SIPRI) ရဲ့ အချက်အလက်တွေအရ အိန္ဒိယနိုင်ငံဟာ ၂၀၁၇-၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ တတိယမြောက် အများဆုံး လက်နက်တင်သွင်းသူဖြစ်ပြီး၊ တရုတ်နိုင်ငံ (၃၆%) နှင့် ရုရှားနိုင်ငံ (၂၇ ရာခိုင်နှုန်း) တို့ပြီးလျှင် အိန္ဒိယနိုင်ငံက ၁၇ ရာခိုင်နှုန်းရှိပါတယ်။

**Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "ပြည်သူတွေအပေါ် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုတွေ ပြင်းပြင်းထန်ထန် လုပ်ဆောင်လာနေတဲ့ မြန်မာစစ်တပ်ဆီ စစ်လက်နက်ရောင်းချမှုတွေမှာ ဆွီဒင်နိုင်ငံရဲ့ ထင်ထင်ရှားရှား ပတ်သက်မှုတွေအပေါ် အလွန်စိုးရိမ်မိပါတယ်။

ISP အနေနဲ့ Sandeep Metalcraft အပါအဝင် ဆွီဒင်အပေါ့စားစစ်လက်နက်အစိတ်အပိုင်းတွေနဲ့ ခဲယမ်းကျည်တွေကို အိန္ဒိယကနေ မြန်မာနိုင်ငံဆီ ဆက်ပြီးရောင်းချနေတဲ့အပေါ် စေ့စေ့ငှငှ စုံစမ်းစစ်ဆေးရပါမယ်။ ဒါ့အပြင် မြန်မာစစ်တပ်ဆီ စစ်လက်နက်တွေနဲ့ အရပ်ဘက်-စစ်ဘက် နှစ်မျိုးသုံးပစ္စည်းတွေ ရောင်းချမှုကိုတားမြစ်ထားတဲ့ အီးယူ စစ်လက်နက်ရောင်းချမှုတားမြစ်ချက်ကို ဆွီဒင်နိုင်ငံအနေနဲ့ လိုက်နာလုပ်ဆောင်စေဖို့ ဆောင်ရွက်ရပါမယ်။

အိန္ဒိယစစ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီတွေက တရားမဝင်မြန်မာစစ်အုပ်စုနဲ့ စီးပွားရေး ဆက်လက်လုပ်ဆောင်မှုတွေမှာ တွေ့မြင်ရတဲ့ အိန္ဒိယနိုင်ငံရဲ့ ဝါဆာနာသဘောတူစာချုပ်နဲ့ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေပါ လိုက်နာရမယ့် စံနှုန်းတွေကို ပြောင်ပြောင်တင်းတင်း ဂရုမစိုက်ပြုမူနေတဲ့ အခြေအနေမှာ ဆွီဒင်အစိုးရအနေနဲ့ အိန္ဒိယစစ်လက်နက်ထုတ်လုပ်သူကုမ္ပဏီတွေနဲ့ ချုပ်ဆိုထားတဲ့ ထုတ်လုပ်ရေးနဲ့ တင်ပို့ရောင်းချရေး သဘောတူစာချုပ်တွေကိုရပ်ဆိုင်းခြင်း အပါအဝင် နောက်တဆင့်လွှဲပြောင်းရောင်းချမှုတွေကို တားဆီးကန့်သတ်ပိတ်ပင်ဖို့ အရေးတကြီး အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

အိန္ဒိယနိုင်ငံဟာ ဆွီဒင် ဒီဇိုင်းထုတ် စစ်လက်နက်တွေအပါအဝင် သမားရိုးကျစစ်ပွဲလက်နက်တွေ၊ ခဲယမ်းမီးကျောက်နဲ့စက်ပစ္စည်းအစိတ်အပိုင်းတွေ မြန်မာနိုင်ငံကိုရောင်းချကြောင်း ထင်ရှားတဲ့သမိုင်းကြောင်းရှိတဲ့ အနေအထားမှာ အိန္ဒိယနိုင်ငံမှာ M4 ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ဖို့ Saab ကုမ္ပဏီကို လုပ်ပိုင်ခွင့်

ပေးအပ်တဲ့ ဆုံးဖြတ်ချက်ကို အများပြည်သူထံ ထုတ်ပြန်ပေးရေး ချမှတ်ဖို့ ISP ကို တောင်းဆိုပါတယ်”လို့ ပြောကြားခဲ့တယ်။

## ပိုမိုသိရှိရန်

အိန္ဒိယက မြန်မာစစ်တပ်ထံ စနက်တံတွေ ထောက်ပံ့ပြီး၊ ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများတွင် နက်ရှိုင်းစွာ ကြံရာပါပတ်သက်နေမှုအကြောင်း ကျွန်ုပ်တို့၏ စိစစ်ရေးသားမှုကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။